Vol.1 (6), December 2021



Source: https://motherslovetea.com/en/elements/text-

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin)

Market Information System,

စိုက်ပျိုးရေးဦးစီးဌာန

"တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန် စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား"

15th December, 2021

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ

➢ နံ့စားသီးနှံ
➢ ဆီထွက်သီးနှံ
➢ ပဲမျိုးစုံ
➢ စက်မှုကုန်ကြမ်းသီးနှံ
➢ စားဖိုဆောင်သီးနှံ
➢ အသား/ငါးနှင့်ဥအမျိုးမျိုး

❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက်အလက်များ

## ဈေးကွက်သတင်းအချက်အလက်များ

❖ စပါးဈေးနှုန်းများ သိသာစွာပြောင်းလဲမှုမရှိဘဲ ဈေးနှုန်းတည်ငြိမ်မှုရှိနေခြင်း

❖ မြေပဲနှင့် နှမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိခြင်း

❖ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစဉ်းငုံနီ ဈေးနှုန်းများ အတက်အကျဖြစ်ပေါ်နေခြင်း

❖ ဝါ(ချည်မျှင်ရှည်)၏ တစ်ပိဿာဈေးနှုန်း

❖ ချက်ကြံတစ်တန်ဈေးနှုန်း စံချိန်တင်မြင့်တက်လာခြင်း

❖ ရော်ဘာဈေးနှုန်းသုံးသပ်ချက်

❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းသွားခြင်း

❖ ခရမ်းချဉ်နှင့် ငရုတ်အစိုဈေးနှုန်း မြင့်တက်လာခြင်း

စာမျက်နှာ ၂ မှ ၄

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ

❖ အိန္ဒိယနိုင်ငံတောင်ပိုင်း Kerala ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံ၏ ရော်ဘာအထွက်နှုန်း လျော့နည်းသွားရပြီး ရော်ဘာတင်သွင်းမှု မြင့်တက်လာခြင်း

❖ အိန္ဒိယနိုင်ငံဈေးကွက်တွင် ဝါဈေးနှုန်းများ အချိန်နှင့်အမျှ မြင့်တက်လာခြင်း

### စိုက်ပျိုးရေးဆိုင်ရာ နိုင်ငံတကာသတင်းများ

❖ သကြားဈေးမြင့်တက်မှုများ ဆက်လက် ဖြစ်ပေါ်နေပြီး ကြံဈေးနှုန်းသည် တစ်တန်လျှင် ကျပ် (၆၀,၀၀၀) ကျော်အထိ မြင့်တက်လာခြင်း

❖ အိန္ဒိယနိုင်ငံမှ ပဲဝယ်လိုအားကြောင့် မြန်မာ့ပဲဈေးကွက်အလားအလာ ကောင်းမွန်လာနိုင်ခြင်း

❖ အချိန်တိုအတွင်း ကမ္ဘာ့ရော်ဘာဝယ်လိုအား မြင့်တက်ရန် ခန့်မှန်းထားခြင်း

❖ အရှေ့တောင်အာရှသစ်သီးဝလံများသည် ဆက်လက်ရောင်းအားကောင်းနေပြီး ဗီယက်နမ် pitaya (နဂါးမောက်) သစ်သီးများ၏ ကုန်သွယ်မှုသည် အမြင့်ဆုံးသို့ ရောက်ရှိနေခြင်း

❖ အောင်ပန်းခရမ်းချဉ်သီးများ ဈေးကွက်အတွင်း ဈေးကောင်းရရှိနေခြင်း

❖ အီဂျစ်စပျစ်သီးရာသီသည် အလားအလာ ကောင်းနိုင်ခြင်း

❖ ကမ္ဘာ့ဈေးကွက်အလားအလာရှိသော ထောပတ်သီး

စာမျက်နှာ ၅ မှ ၈





# ဈေးကွက်သတင်း အချက်အလက်များ

## နံ့စားသီးနှံ







### ○ ပေါ်ဆန်းနှင့် မနောသုခစပါး

○ နိုဝင်ဘာလအတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာ ရန်ကုန်နှင့်စစ်ကိုင်းဈေးကွက်တို့၌ တစ်တင်းလျှင် (၁၄၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ကြည့်လျှင် ရန်ကုန်၊ ပဲခူးနှင့် တနင်္သာရီဈေးကွက်တို့တွင် တစ်တင်းလျှင် ၂၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း (၂%မှ ၂၁%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့သော်လည်း နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းဈေးကွက်တို့၌ (၃%မှ ၇%)ခန့်အတွင်း ဈေးနှုန်းကျဆင်းကာ အခြားဈေးကွက်များ၌ ဈေးနှုန်းငြိမ်သက်လျက်ရှိနေပါသည်။

○ နိုဝင်ဘာလ၌ မနောသုခစပါးဈေးနှုန်းမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက မကွေးဈေးကွက်၌ တစ်တင်းလျှင် (၂၁%)ခန့် အများဆုံးဈေးနှုန်းမြင့်တက်ခဲ့ပြီး ရန်ကုန်ဈေးကွက်၌ (၁၃%)ခန့် ဈေးနှုန်းကျဆင်းကာ အခြားဈေးကွက်များ၌ သိသာစွာဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ပါ။ နိုဝင်ဘာလအတွင်း မနောသုခမှာ နေပြည်တော်၌ တစ်တင်းလျှင် အမြင့်ဆုံး(၉၅၀၀)ကျပ်ရှိနေပြီး ပဲခူး၌ တစ်တင်းလျှင်(၆၀၀၀)ကျပ်ဖြင့် ဈေးနှုန်း အနိမ့်ဆုံးဖြစ်နေပါသည်။

○ နေပြည်တော်နှင့် စစ်ကိုင်းဒေသရှိ မနောသုခ စပါးဈေးနှုန်းမှာ စပါးအဟောင်းဈေးနှုန်းဖြစ်၍ အခြားဈေးကွက်များထက် မြင့်မားနေခြင်းဖြစ်ပြီး ဈေးကွက်အများစု၌ စပါးအသစ်များ ဈေးကွက်အတွင်း ရောက်ရှိလာသော်လည်း ဈေးကောင်းမရရှိသေးခြင်းကြောင့် စပါးဈေးနှုန်းမှာ နိုဝင်ဘာလအတွင်း သိသာစွာပြောင်းလဲမှုမရှိခြင်းဖြစ်ကြောင်း သိရှိရပါသည်။

### အစေ့ထုတ်ပြောင်း




▪ အစေ့ထုတ်ပြောင်းမှာ နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းဈေးကွက်တို့၌ တစ်တင်းလျှင် (၁၁၀၀၀) ကျပ်ဖြင့် နိုဝင်ဘာလအတွင်း အမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အတွင်း တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၄၅၀၀ ကျပ် (၁၅%မှ ၃၂%)အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။

▪ နိုဝင်ဘာလအတွင်း အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ပြောင်းပေါ်နေသည့်အချိန်ဖြစ်၍ လာမည့် ၂၀၂၂ ခုနှစ်ဆန်းပိုင်းတွင် ထိုင်းနိုင်ငံသို့ တင်ပို့မည့် ပြောင်းများကို စုဆောင်းဝယ်ယူလျက်ရှိသောကြောင့် ဝယ်ယူမှုအားကောင်းနေသော်လည်း ပေါက်ဈေးနှုန်းမှာမူ မြင့်တက်လာခြင်း မရှိသေးကြောင်း သိရှိရပါသည်။

## မြေပဲ၊ နှမ်း၊ နေကြာ

❖ မြေပဲ(အတောင့်)ဈေးနှုန်းမှာ နိုဝင်ဘာလအတွင်း ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၁၇၆၀၀)ကျပ်ဖြင့်အများဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ပြည်တွင်းဒေါ်လာဈေး ကျဆင်းလာသော်လည်း ဈေးကွက်အတွင်း မြေပဲအဝင်များပြီး ပြည်တွင်းဆီစက်များနှင့် တရုတ်သို့တင်ပို့နေသည့် ပို့ကုန်သမားများမှ ဝယ်ယူစုဆောင်းနေမှုကြောင့် အဝယ်လိုက်ကာ နိုဝင်ဘာလအတွင်း တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၅၆၀၀ ကျပ်(၃% မှ ၄၇%)အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိနေပါသည်။

❖ နိုဝင်ဘာလအတွင်း နှမ်း(နက်)ဈေးနှုန်းမှာ ယခင်လကဲ့သို့ပင် ရခိုင်ဈေးကွက်၌ တစ်တင်းလျှင် (၈၅၀၀၀)ကျပ်ဖြင့်အမြင့်ဆုံးဖြစ်နေပြီး ဈေးကွက်အတွင်းဝင်ရောက်လာသည့်နှမ်းနက်များကို ပြည်ပပို့သည့်ကုန်သည်များမှ ဝယ်ယူစုဆောင်းချိန်ဖြစ်ပြီး တရုတ်နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်မည့်အခြေအနေရှိခြင်းတို့ကြောင့် ယခင်လထက် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၁၃၀၀၀ ကျပ် (၃%မှ ၂၉%) အတွင်း နှမ်းဈေးနှုန်းမြင့်တက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ဆီထွက်သီးနှံဈေးနှုန်းများ

| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ခြားနားချက်(%) |
| နေပြည်တော် | ၁၂၀၀၀ | ၁၆၀၀၀ | (+)၃၃.၃၃ |
| ရန်ကုန် | ၁၂၀၀၀ | ၁၇၆၀၀ | (+)၄၆.၆၇ |
| မန္တလေး | ၁၃၀၀၀ | ၁၄၀၀၀ | (+)၇.၆၉ |
| မကွေး | ၁၄၀၀၀ | ၁၄၅၀၀ | (+)၃.၅၇ |
| ပဲခူး | ၁၇၀၀၀ | ၁၇၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၁၁၅၀၀ | ၁၄၀၀၀ | (+)၂၁.၇၄ |
| တနင်္သာရီ | ၁၆၈၀၀ | ၁၆၈၀၀ | ၀.၀၀ |
| ကယား | ၁၁၅၀၀ | ၁၁၅၀၀ | ၀.၀၀ |
| ကရင် | ၁၂၇၀၀ | ၁၂၀၀၀ | (-)၅.၅၁ |
| ရခိုင် | ၁၂၀၀၀ | ၁၅၀၀၀ | (+)၂၅.၀၀ |




♣ နိုဝင်ဘာလအတွင်း၌ နေကြာတစ်တင်းဈေးနှုန်းမှာ မကွေးဈေးကွက်တွင် တစ်တင်းလျှင် အမြင့်ဆုံး (၂၂၀၀၀)ကျပ်ရှိနေပါသည်။ အောက်တိုဘာလဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မကွေးဈေးကွက်၌သာ တစ်တင်းလျှင် ၈၀၀၀ ကျပ် (၅၇%)ခန့် အများဆုံးမြင့်တက်ခဲ့သော်လည်း မန္တလေးနှင့် ပဲခူးဈေးကွက်တို့၌ (၁၆%) နှင့် (၃၁%) ခန့်အသီးသီး ဈေးနှုန်း ကျဆင်းခဲ့ပါသည်။

# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ခြားနားချက်(%) |
| နေပြည်တော် | ၅၂၀၀၀ | ၅၅၀၀၀ | (+) ၅.၇၇ |
| ရန်ကုန် | ၅၃၀၀၀ | ၅၅၀၀၀ | (+) ၃.၇၇ |
| မန္တလေး | ၄၈၀၀၀ | ၄၅၀၀၀ | (-) ၆.၂၅ |
| မကွေး | ၄၀၀၀၀ | ၃၉၈၀၀ | (-) ၀.၅၀ |
| ဧရာဝတီ | ၅၂၀၀၀ | ၄၂၀၀၀ | (-) ၁၉.၂၃ |
| ပဲခူး | ၄၃၀၀၀ | ၄၉၀၀၀ | (+) ၁၃.၉၅ |
| စစ်ကိုင်း | ၄၇၀၀၀ | ၃၇၀၀၀ | (-) ၂၁.၂၈ |
| တနင်္သာရီ | ၃၃၀၀၀ | ၃၅၀၀၀ | (+) ၆.၀၆ |
| ကရင် | ၃၅၅၀၀ | ၃၈၀၀၀ | (+) ၇.၀၀ |
| မွန် | ၄၅၅၀၀ | ၅၆၅၀၀ | (+) ၂၄.၁၈ |
| ရခိုင် | ၄၀၀၀၀ | ၃၇၀၀၀ | (-) ၇.၅၀ |

### ပဲတီစိမ်းနှင့်မတ်ပဲ

- ○ နိုဝင်ဘာလအတွင်း ပဲတီစိမ်းဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၅၅၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အများစု၌ တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၁၂၀၀၀ကျပ်(၅%မှ ၃၅%)အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- ○ နိုဝင်ဘာလ၌ မတ်ပဲဈေးနှုန်းသည်လည်း ယခင်လနှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၁၁၀၀၀ ကျပ်(၃% မှ ၂၄%)အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး မွန်ပြည်နယ်ဈေးကွက်၌ တစ်တင်းလျှင် (၅၆၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ရှိနေပါသည်။
- ○ ပဲတီစိမ်းနှင့် မတ်ပဲဈေးနှုန်းများမှာ နိုဝင်ဘာလအတွင်း ပြည်တွင်းငွေလဲလှယ်ဈေးနှုန်း မြင့်တက်လာခြင်း၊ အိန္ဒိယနိုင်ငံတွင်လည်း ပွဲတော်ကာလဖြစ်၍ ပဲဈေးနှုန်းများ မြင့်တက်နေသော်လည်း ပဲသိုလှောင်ခွင့်ကန့်သတ်မှုဖြေလျှော့ကာလ(၂)လအတွင်း ပဲဝယ်ယူမှုကို ဆက်လက်ဆောင်ရွက်မှုမရှိခြင်း တို့ကြောင့် ပဲဈေးနှုန်းများ အတက်အကျပြောင်းလဲမှု ရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




- ○ ပဲစဉ်းငုံနီတစ်တင်းဈေးနှုန်းမှာ နိုဝင်ဘာလအတွင်း တနင်္သာရီဈေးကွက်၌ တစ်တင်းလျှင် (၄၁၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ကယားဈေးကွက်၌ တစ်တင်းလျှင်(၈၉%)ခန့်အထိ အများဆုံးဈေးနှုန်းမြင့်တက်ခဲ့ပြီးနေပြည်တော်ဈေးကွက်၌ (၄၀%)ခန့်ဈေးနှုန်းကျဆင်းသွားပါသည်။
- ○ နိုဝင်ဘာလအတွင်း ပဲစဉ်းငုံနီဈေးနှုန်းမှာ ပြည်တွင်းပဲဝယ်ယူမှုများလာခြင်းကြောင့် ဈေးနှုန်းမြင့်တက်မှုရှိသော်လည်း ပြည်တွင်းငွေကြေးပြောင်းလဲမှုများကြောင့် ဈေးနှုန်းမှာ တည်ငြိမ်မှုမရှိဘဲ အတက်အကျဖြစ်နေကြောင်း သိရှိရပါသည်။

# စက်မှုကုန်ကြမ်းသီးနှံ




- ♣ နိုဝင်ဘာလအတွင်း ချည်မျှင်ရှည်ဝါဈေးနှုန်းမှာ စစ်ကိုင်းဈေးကွက်၌ တစ်ပိဿာလျှင် (၁၈၀၀) ကျပ်အများဆုံးရှိနေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းဈေးကွက်၌သာ တစ်ပိဿာလျှင် (၅၅၀) ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မကွေး၌ တစ်ပိဿာလျှင် (၁၅၀)ကျပ်ခန့် ဈေးနှုန်းကျဆင်းခဲ့ပါသည်။
- ♣ နိုဝင်ဘာလအတွင်း ဝါဈေးနှုန်းအမြင့်ဆုံးနှင့် အနိမ့်ဆုံး ကွာခြားမှုအနေဖြင့် တစ်ပိဿာလျှင် (၅၀၀) ကျပ်ရှိနေပါသည်။

## ချက်ကြဲ




- ✚ ချက်ကြဲတစ်တန်ဈေးနှုန်းမှာ နိုဝင်ဘာလအတွင်း နေပြည်တော်နှင့် မန္တလေးတို့၌ တစ်တန်လျှင် (၆၀,၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ကရင်ပြည်နယ်၌ (၄၀,၀၀၀)ကျပ်အနိမ့်ဆုံး ရှိနေပါသည်။ နိုဝင်ဘာလအတွင်း ကြဲတစ်တန်အတွက် ဈေးနှုန်းအနိမ့်ဆုံးနှင့်အမြင့်ဆုံးကွာခြားမှုအနေဖြင့် (၂,၀၀၀၀)ကျပ် ဖြစ်ပါသည်။
- ✚ ယခုနှစ် ကြဲရာသီချိန်တွင် ချက်ကြဲဈေးနှုန်းသည် ပြည်တွင်းသကြားတစ်ပိဿာဈေးနှုန်း(၁၆၀၀)ကျပ် အားအခြေခံ၍ ကြဲတစ်တန်လျှင် ကျပ်(၆၀,၀၀၀) နှုန်း သတ်မှတ်ထားရှိပြီးဖြစ်ရာ ၎င်းဈေးနှုန်းသည် ကြံတောင်သူများအတွက် ကြံစိုက်ပျိုးမှု သက်တမ်းနှစ်(၁၀)ကျော်အတွင်း အမြင့်ဆုံးစံချိန်တင်ဈေးနှုန်း ဖြစ်ကြောင်း သိရှိရပါသည်။

## ရော်ဘာ




- ✚ နိုဝင်ဘာလအတွင်း ရော်ဘာ(RSS-3)၏ ပျမ်းမျှဈေးနှုန်းသည် တစ်ပေါင်လျှင် (၉၉၆)ကျပ်ဖြင့် တနင်္သာရီ၌ အများဆုံးရှိနေပြီး ယခင်လဈေးနှုန်း အောက် တစ်ပေါင်လျှင် ပျမ်းမျှဈေးနှုန်း (၆၀) ကျပ်ခန့် ကျဆင်းခဲ့ပါသည်။
- ✚ နိုဝင်ဘာလအတွင်း ရော်ဘာဈေးနှုန်းအမြင့်ဆုံးနှင့် အနိမ့်ဆုံးကွာခြားမှုအနေဖြင့် တစ်ပေါင်လျှင် (၉၄) ကျပ်ဖြစ်ပါသည်။

နိုဝင်ဘာလအတွင်း RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်း ပြောင်းလဲမှုအခြေအနေ




Source: Perennial Crops Division, DoA

- RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် နိုဝင်ဘာလအတွင်း (၇၁၇)ကျပ်မှ (၁၀၃၂)ကျပ်အတွင်း ဈေးနှုန်းဖြစ်ပေါ်နေပြီး တနင်္သာရီဒေသရှိ ရော်ဘာဈေးနှုန်းသည် အိမ်နီးချင်းထိုင်းနိုင်ငံ၏ ရော်ဘာဈေးနှုန်းမြင့်တက်မှု၏ အကျိုးဆက်ကြောင့် မြင့်မားနေခြင်းဖြစ်ပြီး ရောင်းဝယ်မှုရပ်တန့်သည့်ရက်များတွင် ဈေးနှုန်းရုတ်တရက် သိသာစွာကျဆင်းမှုကို တွေ့ရှိရပါသည်။ မွန်ပြည်နယ်မှထွက်ရှိသည့် ရော်ဘာများကိုမူ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# စားဖိုဆောင်သီးနှံ



## ကြက်သွန်နီ




- နိုဝင်ဘာလအတွင်း ကြက်သွန်နီဈေးနှုန်းမှာ ကယားပြည်နယ်၌ တစ်ပိဿာလျှင် (၁၅၀၀)ကျပ် အများဆုံးရှိနေပြီး ဈေးကွက်အများစု၌ ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၉၈၀) ကျပ်ရှိနေပါသည်။ အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်ပိဿာလျှင် (၂၀၀)ကျပ်ခန့် မြင့်တက်လာသော်လည်း ဈေးကွက်အများစု၌ (၂၀%မှ ၃၃%)အတွင်း ဈေးနှုန်းကျဆင်းခဲ့ပါသည်။
- နိုဝင်ဘာလအတွင်း ကြက်သွန်နီဈေးနှုန်းမှာ ဈေးကွက်အတွင်းသို့ နွေကြက်သွန်နီများ ဆက်တိုက်ဝင်ရောက်လျက်ရှိပြီး ဈေးလျော့ကျသွားမည်ကို စိုးရိမ်မှုဖြင့် တောင်သူများမှအများအပြားရောင်းချနေခြင်းနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့တင်သွင်းမှုမှာလည်း အရည်အသွေးကန့်သတ်မှုရှိ၍ ဈေးကွက်အတွင်းဈေးနှုန်းရပ်တန့်သွားခြင်းတို့ကြောင့် ဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ခြားနားချက်(%) |
| နေပြည်တော် | ၆၅၀၀ | ၄၈၀၀ | (-) ၂၆.၁၅ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | (-) ၁၆.၆၇ |
| မကွေး | ၃၀၀၀ | ၃၅၀၀ | ၁၆.၆၇ |
| ပဲခူး | ၆၀၀၀ | ၃၂၀၀ | (-) ၄၆.၆၇ |
| တနင်္သာရီ | ၄၂၀၀ | ၅၆၀၀ | (+) ၃၃.၃၃ |
| ကယား | ၃၀၀၀ | ၃၅၀၀ | (+) ၁၆.၆၇ |
| ရခိုင် | ၆၉၀၀ | ၃၅၀၀ | (-) ၄၉.၂၈ |

## ကြက်သွန်ဖြူ

- နိုဝင်ဘာလအတွင်း၌ ကြက်သွန်ဖြူဈေးနှုန်းမှာ တနင်္သာရီဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၅၆၀၀)ကျပ်ရှိနေပြီး ယခင်လထက် တစ်ပိဿာလျှင်(၃၃%)ခန့် ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး နေပြည်တော်၊ မန္တလေး၊ ပဲခူးနှင့် ရခိုင်တို့၌ တစ်ပိဿာလျှင် ၈၀၀ကျပ်မှ ၃၄၀၀ ကျပ် (၁၆% မှ ၄၉%)အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။

## ခရမ်းချဉ်




- နိုဝင်ဘာလအတွင်း ခရမ်းချဉ်ဈေးနှုန်းမှာ နေပြည်တော်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၄၅၀၀)ကျပ်ရှိနေပြီး ယခင်လထက် တစ်ပိဿာလျှင်(၂၈၀၀)ကျပ်(၁၈၀%)ခန့် အများဆုံးမြင့်တက်ခဲ့ပြီး ဈေးကွက်အားလုံး၌လည်း ဈေးနှုန်းမြင့်တက်နေသည့်အနေအထားဖြစ်ပါသည်။

## ငရုတ်(အစို)




- နိုဝင်ဘာလအတွင်း ငရုတ်(အစို)ဈေးနှုန်းမှာ တနင်္သာရီဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၅၂၀၀)ကျပ်ရှိနေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်မှလွဲ၍ ကျန်ဈေးကွက်အားလုံး၌ တစ်ပိဿာလျှင် (၁၀၀)ကျပ်မှ (၂၅၀၀)ကျပ် (၃%မှ ၁၆၇%)အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။

# အသား/ငါးနှင့် ဥအမျိုးမျိုး

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| ငါးသလောက် | ပိဿာ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၁၁၅၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၇၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | - |
| ငါးမြင်း | ။ | ၁၀၀၀၀ | - | ၁၀၀၀၀ | - |
| ငါးတန် | ။ | ၃၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၁၃၀၀၀ |
| ငါးခူ | ။ | ၁၂၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၂၀၀၀ |
| ငါးကျည်း | ။ | ၁၁၀၀၀ | ၁၄၀၀၀ | - | - |
| ငါးရံ့ | ။ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၅၀၀ |
| ကကတစ် | ။ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ |
| တီလားပီးယား | ။ | ၄၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၅၀၀၀ |
| ပြည်ကြီးငါး | ။ | ၂၅၀၀၀ | ၁၈၀၀၀ | ၁၆၅၀၀ | ၉၀၀၀ |
| ကင်းမွန် | ။ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၈၅၀၀ |
| ပုစွန်ထုပ်ကြီး | ။ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၂၃၅၀၀ |
| ပုစွန်ကျော့ | ။ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ |
| ပုစွန်ဆိတ် | ။ | ၆၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | - |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | - | ၁၃၅၀၀ |
| ကဏန်းမာ | ။ | ၈၀၀၀ | ၁၄၀၀၀ | - | ၅၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ။ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ။ | ၁၂၀၀၀ | ၉၀၀၀ | | ၁၄၀၀၀ |
| ဝက် | ။ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ |
| အမဲ | ။ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ |
| ဆိတ် | ။ | ၂၀၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက် | လုံး | ၁၅၀ | ၁၅၀ | ၁၂၀ | ၁၅၀ |
| ဘဲ | ။ | ၂၀၀ | ၂၀၀ | ၂၀၀ | ၁၅၀ |
| ငုံး | ။ | ၆၀ | ၃၀ | ၃၀ | ၅၀၀ |

source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## အိန္ဒိယနိုင်ငံတောင်ပိုင်း Kerala ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံ၏ ရော်ဘာအထွက်နှုန်း လျော့နည်းသွားရပြီး ရော်ဘာတင်သွင်းမှု မြင့်တက်လာခြင်း

- ကမ္ဘာ့ဒုတိယအများဆုံး သဘာဝရော်ဘာသုံးစွဲသည့်အိန္ဒိယနိုင်ငံသည် ရော်ဘာထုတ်လုပ်မှုလျော့ကျခြင်းကိုရင်ဆိုင်နိုင်ရပြီး ကမ္ဘာ့ရော်ဘာဈေးနှုန်းကိုအထောက်အကူပြုနိုင်ရန် အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ လာမည့်လများအတွင်း ရော်ဘာတင်သွင်းမှု တိုးမြင့်ရန်လိုအပ်ကြောင်း၊
- ပြီးခဲ့သည့်လများမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုသည် ရော်ဘာအစေးခြစ်ခြင်းကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း၊ စက်တင်ဘာလတွင် သဘာဝရော်ဘာတန်ချိန် (၆၇,၀၀၀) ထုတ်လုပ်နိုင်ခဲ့ကြောင်း၊
- အရှေ့မြောက်မုတ်သုံလေဖြစ်ပေါ်လာသောကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး နိုဝင်ဘာလတွင် ထုတ်လုပ်မှုလျော့နည်းဖွယ်ရှိသော်လည်း ဒီဇင်ဘာလမှစတင်၍ ရော်ဘာအထွက်နှုန်းများ ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊
- ရော်ဘာထုတ်လုပ်သူများသည် လုပ်သားရှားပါးမှုကြောင့် အခက်အခဲများနှင့်ရင်ဆိုင်နေရပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးကာစနစ်ဖြင့် အစေးလှီးရန် ရည်ရွယ်ထားသော အပင်များကို အစေးလှီးရန်ခက်ခဲခဲ့ကြောင်း၊
- ရော်ဘာထုတ်လုပ်မှု နှေးကွေးခြင်းကြောင့် တာယာထုတ်လုပ်သူများအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုစရိတ်ထက် ဈေးသက်သာသည့် တာယာများတင်သွင်းမှုကို တိုးမြှင့်ရန် တွန်းအားပေးနေကြောင်း၊
- အိန္ဒိယနိုင်ငံသည် ဩဂုတ်လတွင်သဘာဝရော်ဘာတန်ချိန်(၄၀,၅၀၀)နှင့် စက်တင်ဘာလတွင် တန်ချိန် (၄၆,၀၀၀)တင်သွင်းခဲ့ကြောင်း၊
- မိုးသည်းထန်စွာရွာသွန်းမှုသည် ဝယ်လိုအားနှင့် ရောင်းလိုအားအကြား ကွာဟချက်ကြီးမားစွာဖြစ်ပေါ်လာသည့်အတွက်အောက်တိုဘာလတွင် သွင်းကုန်တန်ချိန် (၅၀,၀၀၀)အထက် မြင့်တက်လာနိုင်ကြောင်း၊
- မော်တော်ကားထုတ်လုပ်ရာတွင် လိုအပ်သော chip ချပ်ပြား ပြတ်လပ်မှုကြောင့် တာယာမူရင်းပစ္စည်းထုတ်လုပ်သူများထံမှ ဝယ်လိုအားသိသိသာသာလျော့နည်းသွားချိန်မှစ၍ တာယာထုတ်လုပ်သူများသည် ၎င်းတို့၏လုပ်ငန်းကို စွမ်းဆောင်ရည်အပြည့်ဖြင့်မလည်ပတ်နိုင်သေးကြောင်း၊
- ချပ်ပြားပြတ်လပ်မှုကြောင့် မော်တော်ကားရောင်းအားကျဆင်းနေပြီးတာယာနှင့် ရော်ဘာထုတ်လုပ်သူများကိုလည်းထိခိုက်နေကြောင်း(၂၅.၁၀.၂၀၂၁) တွင် ထုတ်ပြန်ခဲ့သော The Economic Times ကွန်ယက်၏ သတင်းစောင်းပါးအရသိရှိရပါသည်။

Source: https://economictimes. indiatimes.com/news/economy/agriculture/indias-rubber-output-dented-by-heavy-rains-in-kerala-to-lift-imports/articleshow/87252900.cms

## အိန္ဒိယနိုင်ငံဈေးကွက်တွင် ဝါဈေးနှုန်းများအချိန်နှင့်အမျှ မြင့်တက်လာခြင်း

- ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယချည်ခင်ဝယ်လိုအား မြင့်မားနေသောကြောင့် ဝါဈေးနှုန်း တရှိန်ထိုး မြင့်တက်လာနိုင်ပြီး နိုဝင်ဘာလ(၁)ရက်နေ့ Muktsar တွင် ပုဂ္ဂလိက လုပ်ငန်းရှင်ဝယ်လက်များမှ ဝါ (၂၀၈၀) quintal ခန့် ဝယ်ယူခဲ့ပြီး လက်ရှိအချိန်ထိ ခရိုင်အတွင်း quintal (၁.၃၁) သိန်း ရောင်းချခဲ့ကြောင်း၊
- ယခုနှစ်တွင် ဝါကုန်ကြမ်းထုတ်လုပ်မှု ရုတ်တရက်လျော့နည်းမှု၏ တရားဝင်ခန့်မှန်းချက်တစ်ခုအပြီး (၃)ရက်အကြာ နိုဝင်ဘာလပထမရက်တွင် (၁၀၀) ကီလိုဂရမ်လျှင် (၁၀,၅၀၀) ရူပီးဖြင့် စံချိန်တင်ဈေးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း၊
- ဝါဈေးကွက် ၁၀၀ကီလိုဂရမ်လျှင် ရူပီး (၁၀၀၀၀) ကျော်သွားသည်မှာပထမဆုံးအကြိမ်ဖြစ် ကြောင်း၊
- နိုဝင်ဘာ(၁)ရက်နေ့ ဝါစိုက်ပျိုးထုတ်လုပ်သည့် အပူသမပိုင်း ခရိုင်တွင် ဝါ quintals(၆.၃၅)သိန်း ရောင်းချခဲ့ကြောင်း၊ (၂၀၂၀-၂၁)ခုနှစ် တွင် Punjab မှ ဝါ quintals (၅၀)သိန်းထုတ်လုပ်ခဲ့ကြောင်း၊
- Bathinda နှင့် Mansa ဒေသတို့တွင် Punjab အစိုးရမှ ပန်းရောင်ငမြှောင်တောင်ပိုးများ ဆိုးဝါးစွာဖျက်စီးမှုကြောင့် (၁၀၀) ကီလိုဂရမ်လျှင် ရူပီး (၉၆၀၀) မှ (၉၃၀၀)အထက်ထိ ရှိကြောင်း၊
- နိုဝင်ဘာလ(၁)ရက်နေ့ထိတိုင် quintals (၁.၃၀) သိန်းထုတ်လုပ်သည်ဟု မှတ်တမ်းတင်ထားပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များမှ quintals (၁.၄၃)သိန်း ဝယ်ယူပြီးဖြစ်ကြောင်း၊
- ယခုရာသီတွင် Fazilkaဒေသ၌ ပိုးဖျက်ဆီးမှုမရှိဘဲ ကျန်ရှိနေသော ဝါ quintals(၂.၁၂)သိန်းဖြင့် ဦးဆောင်နေပြီး တနင်္လာတွင် ဝါ(၁၀၀)ကီလိုဂရမ်လျှင် (၈၈၀၀)မှ (၉၀၉၅) နှုန်းထိ ဆက်လက်တည်ရှိနေပါကြောင်း (၂.၁၁.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော Hindustan Times သတင်းစာ၏ သတင်းစောင်းပါးအရသိရှိရပါသည်။

Source: https://www.hindustantimes.com /cities/chandigarh-news/cotton-prices-hit-all-time-high-in-punjab-breach-10k-mark-101635798332226.html

## သကြားဈေးနှုန်းမြင့်တက်မှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ကြံဈေးနှုန်းသည် တစ်တန်လျှင် ကျပ် (၆၀,၀၀၀) ကျော်အထိ မြင့်တက်လာခြင်း

- သကြားဈေးမြင့်တက်ပြီးနောက် ကြံဈေးသည် တစ်တန်လျှင် ငွေကျပ် (၆၀,၀၀၀) ကျော်အထိ မြင့်တက်သွားကြောင်း ထီးချိုင့်မြို့နယ်မှ ကြံစိုက်တောင်သူများ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ယခုနှစ်တွင် ကြံတစ်တန်လျှင် ငွေကျပ်(၆၀,၀၀၀) အထိရရှိခဲ့ပါကြောင်း၊ ယခင်နှစ်တွင် တစ်တန်လျှင်ငွေကျပ်(၄၃၀၀၀)သာ ရှိခဲ့ပါကြောင်း၊ ကြံဈေးတက်လာသဖြင့်သကြားဈေးတက်လာပါကြောင်း၊ ကြံများကို ထီးချိုင့်မြို့နယ်ရှိ သကြားစက်များသို့ သာလျှင်ပို့ပေးကြောင်း ထီးချိုင့်မြို့နယ်မှ ကြံစိုက်ပျိုးသူဒေါ်ထွေးရည်၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ပြီးခဲ့သည့် ကြံရာသီတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြံတန်ချိန် (၄၀၀,၀၀၀) သာ ထွက်ရှိခဲ့ပြီး ယခင်နှစ်နှုန်းထားနှင့် နှိုင်းယှဉ်ပါက တန်ချိန်တစ်သိန်းကျော်ကျဆင်းခဲ့ပါကြောင်း၊ ဆောင်းကြံစိုက်ပျိုးရာသီသည် အောက်တိုဘာလတွင် စတင်ခဲ့ပြီးမေလတွင် ပြီးဆုံးမည်ဖြစ်ကြောင်း၊ တစ်ဧကစိုက်ပျိုးစရိတ်မှာ ကျပ်(၆၀၀,၀၀၀ မှ ၇၀၀,၀၀၀) ခန့်ရှိပြီး တစ်ဧကလျှင် ကြံတန်ချိန် (၃၀)ခန့် ထွက်ရှိပါကြောင်း၊

- ထီးချိုင့်မြို့နယ်တွင် ကြံစိုက်ဧက (၆၅,၈၅၀) ခန့်ရှိကြောင်း၊ ရွှေဘို၊ ကန့်ဘလူနှင့် ကသာ ခရိုင်များတွင် စိုက်ပျိုးပါကြောင်း၊ မြန်မာနိုင်ငံသည် (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်တွင် ကြံစိုက် ဧက (၄၄၀,၀၀၀) မှ သကြားတန်ချိန် (၄၅၀,၀၀၀)ခန့် ၊ (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်တွင် ဧက (၃၉၀,၀၀၀)မှ တန်ချိန်(၃၉၀,၀၀၀)ကျော်၊ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်တွင် ဧက(၄၀၀၀၀၀) မှ တန်ချိန်(၃၇၀,၀၀၀)ကျော်၊ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် ဧက(၄၀၀,၀၀၀)မှ တန်ချိန် (၅၀၀,၀၀၀)ကျော်၊ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် ဧက (၅၀၀,၀၀၀)မှ (၅၀၀,၀၀၀)တန် ထုတ်လုပ်ခဲ့ပါကြောင်း၊
- (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်တွင် ကြံတစ်တန်လျှင်ကျပ်(၅၀,၀၀၀)ကျော်၊(၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်တွင် ကျပ်(၄၅၀၀၀)၊ (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် ကျပ်(၄၁၅၀၀)၊ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် ကျပ် (၃၈၀၀၀-၄၀၀၀၀) နှင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ် (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်တွင် ကျပ်(၄၀၀၀၀)ခန့်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းများအရ သိရှိရပါကြောင်း (၄.၁၁.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော The Global New Light Myanmar သတင်းစာ၏ သတင်းစောင်းပါးအရ သိရှိရပါ သည်။

Source:https://www.spglobal.com/platts/en/market-insights/latest-news/agriculture/101121-malaysias-palm-oil-stocks-fall-7-in-sep-as-production-slows-exports-rise

## အိန္ဒိယနိုင်ငံမှ ပဲဝယ်လိုအားကြောင့် မြန်မာ့ပဲဈေးကွက်အလားအလာ ကောင်းမွန်လာနိုင်ခြင်း

- မြန်မာ့ပဲနှင့် ပဲဈေးကွက်သည် ပဲများကို အဓိက ဝယ်ယူနေသည့် အိန္ဒိယနိုင်ငံမှ မှာယူမှု များလာ၍ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း၊
- အိန္ဒိယနိုင်ငံရှိ ပဲစိုက်ပျိုးသူများသည် ရာသီဥတုဆိုးရွားမှုဒဏ်ကို ခံစားခဲ့ရသောကြောင့် လာမည့် လများအတွင်း ဝယ်လိုအားများမြင့်တက်လာမည်ဖြစ်ပြီးအိန္ဒိယစိုက်ပျိုးရေးနှင့်တောင်သူများသက်သာချောင်ချိရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံမှ မတ်ပဲကိုသာမက အခြားပဲများ တင်သွင်းခွင့်ကို (၂၀၂၁) ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့အထိ သက်သာ ခွင့်များ လျှော့ပေါ့ပေးခဲ့ပါသည်။
- မတ်ပဲဈေးနှုန်းများသည် ငွေလဲလှယ်နှုန်းနှင့် ဆက်စပ်နေပြီး ဒီဇင်ဘာလကုန်အထိ ဈေးကျဆင်းရန် မဖြစ်နိုင်သေးပါ။ စက်တင်ဘာလနောက်ဆုံးအပတ်အတွင်း ပဲဈေးနှုန်းသည် ကျပ်ငွေကျဆင်းမှုကြောင့် အဆမတန် မြင့်မားခဲ့ကြောင်း၊
- လက်ရှိအခြေအနေတွင် ပြည်တွင်းဈေးကွက်၌ ကျပ်ငွေပြန်လည်တည်ငြိမ်နေပြီး ပဲနှင့် ပဲမျိုးစုံဈေးနှုန်းများမှာလည်း ကျဆင်းလျက်ရှိကြောင်း၊
- ပဲဈေးနှုန်းများကျဆင်းနေသော်လည်း စိုက်ပျိုးရေးသွင်းအားစုကုန်ကျစရိတ်များမှာ မပြောင်းလဲဘဲ ဆက်လက်မြင့်မားလျက်ရှိနေပြီး လာမည့်ဆောင်းရာသီတွင် ပြည်တွင်း စိုက်ပျိုးသူများအနေဖြင့် သွင်းအားစုမလုံလောက်မှုပြဿနာနှင့် ကြီးကြီးမားမား ရင်ဆိုင်ရဖွယ် ရှိနေကြောင်း၊
- မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ဘဏ္ဍာရေးနှစ် (၂၀၂၀-၂၁)ခုနှစ်တွင် ပြည်ပကုန်သွယ်ဖက်များထံသို့ ပဲမျိုးစုံတန်ချိန်နှစ်သန်း ကျော်တန်ဖိုးဖြင့် အမေရိကန်ဒေါ်လာ (၁.၅၇) ဘီလီယံ တန်ဖိုး တင်ပို့ခဲ့ကြောင်း၊
- ပင်လယ်ရေကြောင်းလမ်းမှ ပြည်ပဈေးကွက်သို့ ပဲမျိုးစုံတန်ချိန် (၁.၂၄) သန်းတန်ဖိုးရှိ အမေရိကန်ဒေါ်လာ (၉၆၆.၄)သန်း တင်ပို့နိုင်ခဲ့ပြီး ဒေါ်လာ (၆၀၄.၃)သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန်ပေါင်း (၇၈၆,၉၂၀)ကို ကုန်းမြေနယ်စပ်များမှ တစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်းကို (၁၆.၁၁.၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည် Global New Light of Myanmar သတင်းဆောင်းပါးမှ သိရှိရပါသည်။

Source: https://www.gnlm.com.mm/myanmar-bean-market-sees-high-potential-on-possible-demand-of-India

## အချိန်တိုအတွင်း ကမ္ဘာ့ရော်ဘာဝယ်လိုအား မြင့်တက်ရန် ခန့်မှန်းထားခြင်း

- ♣ အိန္ဒိယနိုင်ငံ၊ ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ သဘာဝရော်ဘာဘာဝယ်လိုအားသည် Covid-19 ကပ်ရောဂါနှင့်ပတ်သက်၍ ကန့်သတ်ချက်များ ရုတ်သိမ်းရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ပြန်လည်နိုးထလာခြင်းကြောင့် အချိန်တိုအတွင်းမြင့်မားလာနိုင်ကြောင်း၊
- ♣ ကမ္ဘာစစ်များ၊ စပိန်တုပ်ကွေးနှင့် မဟာစီးပွားပျက်ကပ်များအသွင်ဖြင့် သမိုင်းဝင် ကပ်ဘေးများ အပြီးနှစ်များတွင် သဘာဝရော်ဘာသုံးစွဲမှုသည် ပုံမှန်မဟုတ်သော တိုးတက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ကမ္ဘာ့သဘာဝရော်ဘာစားသုံးမှုသည် (၁၉၁၉) ခုနှစ်တွင် (၃၃)% (ပထမကမ္ဘာစစ် အပြီးတွင်)၊ (၁၉၂၂)ခုနှစ်တွင် (၄၅)% (စပိန်တုပ်ကွေး ပြီးနောက်)၊ (၁၉၃၃)ခုနှစ်တွင် (၁၉)% (စီးပွားပျက်ကပ်ကြီးပြီးနောက်)နှင့်(၁၉၄၆)ခုနှစ်တွင် (၁၂)% ထိ(ဒုတိယကမ္ဘာစစ်ပြီးပြီးချင်း)တိုးလာခဲ့ကြောင်း၊
- ♣ (၂၀၁၉) ခုနှစ်တွင် ၆.၉% ကျဆင်းပြီးနောက် (၂၀၂၁) ခုနှစ်တွင် ကမ္ဘာ့သဘာဝရော်ဘာ ဝယ်လိုအားသည် တန်ချိန် (၁၄)သန်း (၈.၃%)အထိ တိုးမြင့်လာမည်ဟု ခန့်မှန်းရကြောင်း၊
- ♣ (၂၀၂၁) ခုနှစ်တွင်တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘာဝရာဘာ တန်ချိန် (၂) သိန်း ခန့် ပြတ်လပ်သွားဖွယ်ရှိ၍ ကမ္ဘာ့သဘာဝရော်ဘာတန်ချိန် (၁၃.၈)သန်း ရောင်းအားရှိနိုင်မည်ဟု မျှော်မှန်းထား ကြောင်း၊
- ♣ သဘာဝရော်ဘာထုတ်လုပ်မှုတွင် လွန်ခဲ့သော (၅) နှစ်အတွင်း (၂၀၁၆ခုနှစ်မှစ၍) ရော်ဘာစိုက်ဧရိယာများကို ထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် ပုံမှန်မဟုတ်သော ချဲ့ထွင်မှုများမှ ရော်ဘာထုတ်လုပ်နိုင်မှုကို ကြီးမားလာစေခဲ့ရကြောင်း ANRPC အစီရင်ခံစာတွင် မီးမောင်း ထိုးပြခဲ့ကြောင်း၊
- ♣ "(၂၀၂၂)ခုနှစ်တွင် အစေးလှီးဧရိယာကို ဟက်တာ (၂၅၀၀၀၀) (၆၁၇၇၆၃.၄၅၄ဧက) နီးပါးအထိ ချဲ့ထွင်မည်ဟုမျှော်မှန်းထားသော်လည်း ခိုင်မာသော ကမ္ဘာ့ဝယ်လိုအားကြောင့် ထုတ်လုပ်မှုအတွက် ဝယ်လိုအားရှိနေမည် ဖြစ်ကြောင်း၊
- ♣ ANRPC ၏ အဆိုအရ အိန္ဒိယသည် (၂၀၂၁) ခုနှစ် စက်တင်ဘာလတွင် ရော်ဘာ တန်ချိန် (၇၅,၀၀၀) ထုတ်လုပ်ခဲ့ပြီး ၎င်း၏ပဏာမခန့်မှန်းချက်အရ ထုတ်လုပ်မှုသည် (၂၀၂၁) ခုနှစ် အောက်တိုဘာလတွင် တန်ချိန် (၅၅,၀၀၀) သို့ ကျဆင်းသွားမည်ဖြစ်ပြီး နိုဝင်ဘာလတွင် တန်ချိန် (၁)သိန်းနှင့် (၂၀၂၁)ခုနှစ် ဒီဇင်ဘာလတွင် တန်ချိန်(၁.၀၅) သိန်းအထိတိုး၍ ထုတ်လုပ်နိုင်လာမည်ဖြစ်ကြောင်း၊
- ♣ အိန္ဒိယနိုင်ငံတွင်လည်း ရော်ဘာဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး နိုင်ငံတွင်း ထိပ်တန်းသဘာဝရော်ဘာဈေးကွက်ဖြစ်သည့် Kottayamတွင် ကြာသပတေးနေ့တွင် RSS-4 တန်း ရော်ဘာ

ဈေးနှုန်းသည်တစ်ကီလိုလျှင်(၁၈၃)ရူပီးရှိကြောင်း (၁၈.၁၁.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော The Times of India သတင်းစာ၏ သတင်းစောင်းပါးအရ သိရှိရပါသည်။

Source: https://timesofindia.indiatimes.com/india/demand-for-rubber-to-get-a-boost-in-short-term-anrpc/articleshow/87785047.cms

## အရှေ့တောင်အာရှသစ်သီးဝလံများသည် ဆက်လက်ရောင်းအားကောင်းနေပြီး ဗီယက်နမ် pitaya (နဂါးမောက်) သစ်သီးများ၏ ကုန်သွယ်မှုသည် အမြင့်ဆုံးသို့ ရောက်ရှိနေခြင်း

- ပွဲတော်များ၏ အကျိုးသက်ရောက်မှုများကြောင့် အောက်တိုဘာလတွင် တင်သွင်းလာသော သစ်သီးဝလံအရောင်းအဝယ်ဈေးကွက်သည် ခိုင်မာသော ရောင်းဝယ်မှုကိုရရှိခဲ့ကြောင်း၊ စာရင်းအင်းများအရ ပြည်ပမှတင်သွင်းလာသော သစ်သီးဝလံ အရောင်းအဝယ်ပမာဏမှာ တစ်နှစ်ထက်တစ်နှစ် (၄၂.၂၄) ရာခိုင်နှုန်းတိုးလာပြီး ကုန်သွယ်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် (၉၈)ရာခိုင်နှုန်း တိုးလာပါကြောင်း၊ ပျမ်းမျှဈေးနှုန်းသည် (၁)ကီလိုဂရမ်လျှင် (၁၅.၄၁)RMB(၂.၄၁ဒေါ်လာ)ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ်(၄.၆၉)ရာခိုင်နှုန်းကျဆင်းခဲ့ပါကြောင်း၊
- အရှေ့တောင်အာရှသစ်သီးဝလံများအား လွှမ်းမိုးထားသောသစ်သီးများအနက် ကုန်သွယ်မှုပမာဏတွင် ထိပ်တန်းသုံးမျိုးဖြစ်သည့် pitaya (နဂါးမောက်) သစ်သီး၊ ပိန္နဲသီးနှင့် လိုက်ချီးသီးများအား ပင်မသစ်သီးဝလံများအဖြစ် တင်သွင်းနေဆဲဖြစ်ပြီး ၎င်းတို့၏ ကုန်သွယ်မှုပမာဏမှာ (၃၃.၄၀) ရာခိုင်နှုန်း၊ (၁၀၇.၁၄) ရာခိုင်နှုန်းနှင့် (၄၇.၈၂) ရာခိုင်နှုန်းအထိ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ အသီးသီးတိုးလာခဲ့ပါကြောင်း၊
- ထိုင်းသရက်သီး၊ နယူးဇီလန်မှ အုန်းသီးနှင့် ကီဝီသီး၊ ပီရူးမှ ဘလူးဘယ်ရီသီးနှင့် တောင်အာဖရိကမှ လိမ္မော်သီးများသည်လည်း ကုန်သွယ်မှုပမာဏ သိသိသာသာတိုးလာသည်ကို တွေ့ရပါကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် ကောင်းမွန်သော ထုတ်ကုန်တစ်ခုအနေဖြင့် ရှင်ကျန်းပြည် (Xinjiang)မှ Prunes(မက်မန်းနှင့်တူသော ဆီးသီးခြောက်)များသည် ၎င်းတို့၏ ရောင်းအား အဆုံးသတ်ရန် နီးကပ်လာကြောင်း၊ အောက်တိုဘာလတွင် ကုန်သွယ်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ်(၃၀၃.၃၁)ရာခိုင်နှုန်း တိုးလာခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ တိုးလာခဲ့ပါကြောင်း၊
- ရွှေရောင်ဆောင်းဦးရာသီသည် နဂါးမောက်သီးရောင်းဝယ်မှု၏ အမြင့်ဆုံးကာလ ဖြစ်သည်မှာ သေချာပြီး အထွက်နှုန်းမှာလည်း သိသိသာသာ တိုးလာပါကြောင်း၊ ၎င်းကာလတွင် ပြည်တွင်းမှ နဂါးမောက်သီးများကို ဗီယက်နမ်နိုင်ငံမှ အဓိက တင်သွင်းပါကြောင်း၊
- များပြားသော တင်သွင်းမှုပမာဏနှင့် ဈေးနှုန်းချိုသာမှုကြောင့် ဈေးကွက်နှင့် စားသုံးသူများအတွက် အလွန်အရေးကြီးသော အနေအထားတွင် ရှိနေပါကြောင်း၊ လက်ရှိတွင် ဗီယက်နမ် နဂါးမောက်သီးများသည် တရုတ်နဂါးမောက်သီးဈေးကွက်တွင် (၆၅)ရာခိုင်နှုန်းဝေစုရရှိထားကြောင်း၊
- ပြည်တွင်းစိုက်ပျိုးဧရိယာတိုးချဲ့ခြင်းအားဖြင့် ၎င်း၏တင်သွင်းမှုပမာဏနှင့် ပျမ်းမျှဈေးနှုန်းသည် တစ်နှစ် ထက်တစ်နှစ် ကျဆင်းလာပါကြောင်း၊
- လုပ်ငန်းတွင်ပါဝင်ဆောင်ရွက်နေသူများ၏ ဆန်းစစ်ချက်အရရာသီဥတုသည် ဆောင်းဦးနှင့်ဆောင်းရာသီသို့ အလှည့်ကျတဖြည်းဖြည်းပြောင်းလဲ လာသည်နှင့်အမျှ အရည်ရွှမ်းသော သစ်သီးဝလံအချို့၏ ဝယ်လိုအားမှာ တဖြည်းဖြည်းတိုးလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ ၎င်းသည် ချိုသောရှောက်သံပုရာမျိုးများ၊ ရှောက်ချိုသီးများ၊ လိမ္မော်သီးများနှင့် အခြားသော သစ်သီးဝလံများသည် နောက်ပိုင်းကာလများတွင်ဈေးကွက်ကို သိမ်းပိုက်နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊
- အထူးသဖြင့် စိုက်ပျိုးထုတ်လုပ်သည့်ဒေသ များစွာရှိ ဒေသထွက်အထူးမျိုးကွဲများစွာသည် ဈေးကွက်တွင် ဖြန့်ချီရန် အဆင်သင့်ဖြစ်နေကြပြီး ပမာဏများစွာတိုးလာပါကြောင်း၊ ၎င်းသည် ပမာဏတိုးလာပြီး ဈေးနှုန်းကျဆင်းမှုအား ဦးတည်သွားမည် ဖြစ်ကြောင်း၊
- ပြည်ပမှ တင်သွင်းလာသော သစ်သီးဝလံ များနှင့်ပတ်သက်၍ ပိန္နဲသီးများသည် အရောင်းအဝယ်အမြင့်ဆုံးသို့ ရောက်ရှိမည်ဖြစ်ပြီး လူတိုင်းစောင့်မျှော်နေသည့် ချယ်ရီသီးရာသီသည်လည်း စတင်နေပြီ ဖြစ်ပါကြောင်း (၁၁-၁၁-၂၀၂၁) ရက်နေ့တွင်ထုတ်ပြန်သော www.freshplaza.com ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

Source: https://www.freshplaza.com/article/9372645/china-southeast-asia n-fruits-continue-to-sell-well-vietnam-pitaya-fruits-enter-the-peak-of-trading/

## အောင်ပန်းခရမ်းချဉ်သီးများ ဈေးကွက်အတွင်း ဈေးကောင်းရရှိနေခြင်း

- ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အောင်ပန်းမြို့မှ ထွက်ရှိသည့် ခရမ်းချဉ်သီးများသည် မကွေးခရိုင်၊ မြို့သစ်မြို့နယ်ဈေးကွက်တွင် ဈေးကောင်း ရရှိနေကြောင်း ဒေသခံကုန်သည်များ ပြောကြားချက်အရသိရှိရပါကြောင်း၊ မြို့သစ်မြို့ စည်ပင်သာယာဈေးသို့ ခရမ်းချဉ်သီးခြောက်ဘီးကားများ ၅ ရက်လျှင်တစ်ကြိမ်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာလည်း မြင့်တက်လျက်ရှိပါကြောင်း၊
- ခရမ်းချဉ်သီးဈေးသည် လွန်ခဲ့သော(၂)ပတ်ခန့်တွင် တစ်ပိဿာလျှင် ကျပ်(၇၀၀)မှ ကျပ်(၁,၀၀၀)ကြားရှိခဲ့ပြီး ယခုအခါတစ်ပိဿာလျှင် ကျပ်(၁,၄၀၀) ထိ ရှိလာကြောင်း ခရမ်းချဉ်သီးကုန်သည်မဒွေးဦး ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ခရမ်းချဉ်သီးကို အောင်ပန်းမြို့မှ မှာယူသည့်အတွက်အခြားဒေသများမှခရမ်းချဉ်သီးဝင်ရောက်လာမှုနည်းပါးသွားပြီး ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေပြီး ဈေးကောင်းရရှိလာပါကြောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုသည်လည်း ခရမ်းချဉ်ဈေးကို မြင့်တက်စေသည်ဟု ခရမ်းချဉ်ကုန်သည် မဒွေးဦးထံမှ သိရှိခဲ့ပါကြောင်း (၆.၁၁.၂၀၂၁)ရက်တွင် ထုတ်ပြန်ခဲ့သည့် The Global New Light သတင်းစာ၏ သတင်းစောင်းပါးအရ သိရှိရပါသည်။

Source: https://www.gnlm.com.mm/aungban-tomatoes-fetch-good-prices

## အီဂျစ်စပျစ်သီးရာသီသည် အလားအလာကောင်းနိုင်ခြင်း

- အီဂျစ်စပျစ်သီးထုတ်လုပ်မှုအား မက်စရစ်တန်ချိန် (၁.၄)သန်းသို့ရောက်ရှိရန် မျှော်မှန်းထားပြီး တစ်နှစ်ထက်တစ်နှစ် (၂၂)ရာခိုင်နှုန်းတိုးလာပြီး ပို့ကုန်ပမာဏသည်လည်း တစ်နှစ်ထက်တစ်နှစ် မက်ထရစ်တန်ချိန်(၁၇၀,၀၀၀)သန်းခန့်၊ (၈)ရာခိုင်နှုန်း တိုးတက်လာရန် ခန့်မှန်းထားကြောင်း၊
- အီဂျစ်စပျစ်သီးများသည် အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ ဘရာဇီးနှင့် ဆားဘီးယားနိုင်ငံတို့တွင် ဈေးကွက်ရရှိလျက်ရှိကြောင်း၊ အမေရိကန်၊ ဥရောပ၊ ကနေဒါ၊ ရုရှားနှင့် တရုတ်နိုင်ငံအပါအဝင် နိုင်ငံ

များ၏ ဈေးကွက်များသို့လည်း ဝင်ရောက်နေပြီဖြစ်ကြောင်း၊

- ♣ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အီကွေဒါ၊ ထိုင်း၊ နယူးဇီလန်နှင့် အာဂျင်တီးနားနိုင်ငံများသို့ ဈေးကွက်ရရှိရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း၊
- ♣ ယခုနှစ်တွင် မမျှော်လင့်ထားသော အပူလှိုင်းများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် စပျစ်သီးရာသီသည် အခက်အခဲများရှိလာပြီး ခန့်မှန်းထားသည့် ထုတ်လုပ်မှုထက် (၁၇)ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း၊ဝယ်လိုအားမြင့်မားခြင်းသည် ဈေးနှုန်းများတည်ငြိမ်စေရန် အထောက်အကူဖြစ်စေကြောင်း၊
- ♣ အီဂျစ်နိုင်ငံတွင် စပျစ်သီး(သက်တမ်းတို)မျိုးကွဲများ၏ ရိတ်သိမ်းရာသီသည် မေလ နှောင်းပိုင်းတွင်စတင်ပြီး စက်တင်ဘာလကုန်ထိဖြစ်ပြီး စပျစ်(သက်တမ်းရှည်)မျိုးကွဲများ၏ ရိတ်သိမ်းရာသီသည် ဇွန်လနှောင်းပိုင်းတွင် စတင်ပြီး နိုဝင်ဘာလကုန်ထိ ဖြစ်ကြောင်း၊
- ♣ အစေ့မပါသော Thompson နှင့် Flame စပျစ်မျိုးကွဲများသည် အီဂျစ်စပျစ်များကို အဓိက တင်သွင်းသည့် ဥရောပဈေးကွက်တွင် လူကြိုက်များဆဲဖြစ်သောကြောင့် ထုတ်လုပ်မှုကို လွှမ်းမိုးထားပါကြောင်း (၉-၁၁-၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်သော FreshfruitPortal .com ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

Source:https://www.freshfruitportal.com/news/2021/11/09/egyptian-table-grape-season-looks-promising-usda-report/

## ကမ္ဘာ့ဈေးကွက်အလားအလာရှိသော ထောပတ်သီး

- ○ ထောပတ်သီးဈေးကွက်သည် ကျယ်ကျယ်ပြန့်ပြန့်တွင်ကျယ်စွာရှိလာပြီဖြစ်ကြောင်း၊ ဥရောပနှင့် ကမ္ဘာတစ်ဝှမ်းလုံးတွင် ထောပတ်သီး ဈေးကွက်သည် ယခုအချိန်ထိ အလားအလာကောင်းလျက်ရှိပြီး ဥရောပတွင် ထောပတ်သီးစားသုံးမှုမှာလည်း မြင့်တက်လျက်ရှိကြောင်း၊
- ○ ကမ္ဘာ့တစ်ဝှမ်းလုံးမှ ထောပတ်သီးအပါအဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို တင်သွင်းသော ကုမ္ပဏီတစ်ခုဖြစ်သည့် Belgian company မှ Evy van Gastel ၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊ ဥရောပနိုင်ငံအတွင်း၌ပင် ထောပတ်သီးစားသုံးမှုနှုန်းသည် ကွဲပြားခြားနားလျက်ရှိကြောင်း၊
- ○ ယခုအခါတွင် မြင့်မားလျက်ရှိသော ဝယ်လိုအားနှင့်ကိုက်ညီရန် စိုက်ပျိုးလျက်ရှိပါကြောင်း၊ ထောပတ်သီးတင်သွင်းမှုကို တိုးမြင့်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောင်းလိုအားများသည်လည်း မြင့်တက်လျက်ရှိပါကြောင်းနှင့် အခြားနိုင်ငံများမှ ထောပတ်သီးများကို ဝယ်ယူလျက်ရှိကြောင်း၊ အဓိက သစ်သီးများထဲမှ ထောပတ်သီးအများစုကို ပီရူး၊ ချီလီနှင့် စပိန်နိုင်ငံတို့မှ ရရှိပါကြောင်း၊
- ○ စိုက်ဧကအများအပြား ချဲ့ထွင်လာသည့်အတွက် ထောပတ်သီးပျမ်းမျှဈေးများ သိသိသာသာ ကျဆင်းလာပါကြောင်း၊ ရောင်းလိုအားသည် တစ်ခါတရံ ဝယ်လိုအားထက်နည်းပါကြောင်း၊ လွန်ကဲသောဈေးနှုန်းများ ယေဘုယျအားဖြင့် ကျဆင်းလျက်ရှိပါကြောင်း၊
- ○ (၂၀၂၀)ခုနှစ်တွင် ထောပတ်သီးများ သိသိသာသာ ရိတ်သိမ်းမှုနည်းပါးသည့် ချီလီကို ဥပမာတစ်ခုအဖြစ်ကိုးကားဖော်ပြခဲ့သောကြောင့် ဒီဇင်ဘာလအစောပိုင်းတွင် ဥရောပသို့တင်ပို့မှုကို ရပ်တန့်ရန်ဖိအားပေးခဲ့ပါကြောင်း၊ ချီလီမှတင်ပို့မှုမှာ ဧပြီလအထိ ပုံမှန်အတိုင်းဖြစ်ပါကြောင်း၊
- ○ လက်ရှိ ရာသီ၏ ခန့်မှန်းချက်သည် ယခင်နှစ်နှင့်ဆန့်ကျင်ဘက်ဖြစ်ပါကြောင်း၊ ချီလီတွင် ပုံမှန်အတိုင်းရိတ်သိမ်းလျက်ရှိပါကြောင်း၊ မြေထဲပင်လယ် ဒေသ၊ အစ္စရေး၊ မော်ရိုကိုနှင့် ပေါ်တူဂီနိုင်ငံများတွင်လည်း အထွက်နှုန်းကောင်း လာနိုင်ရန် မျှော်လင့်ထားပါကြောင်း၊ ကိုလံဘီယာတွင်များပြား လာသည့် ထုတ်လုပ်မှုနှင့်ပေါင်းစပ်ပြီး ယခုဆောင်းဦးရာသီတွင် အသီးအနှံအများအပြား ထွက်မည်ဟု မျှော်လင့်ထားပါကြောင်း၊
- ○ အစားအစာအလေအလွင့်ကို လျှော့ချရန်အတွက် သီးနှံထားသိုမှုသက်တမ်းကို တိုးချဲ့ရန် အလေးထားလာကြောင်း၊ နည်းလမ်းတစ်ခုမှာ ဇီဝဆွေးမြေ့နိုင်သောအလွှာကို စမ်းသပ်ခြင်းဖြစ်ပြီး ၎င်းကို ထောပတ်သီးတွင် အသုံးပြုပြီး ထားသိုမှုသက်တမ်းတိုးခြင်းမှ လူတိုင်းအကျိုးခံစားခွင့်ရရှိပြီး စားသုံးသူအတွက်သာမက စိုက်ပျိုးသူအတွက်ပါ အပြန်အလှန်နှစ်ဦးနှစ်ဘက် အကျိုးသက်ရောက်မှုရှိစေပါကြောင်း (၉-၁၁-၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော သတင်းစောင်းပါးအရ သိရှိရပါသည်။

Source: https://www.freshplaza.com/article/9371176/avocados-have-global-growth-potential/



စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin) Market Information System, စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈

Email: doamisppme@gmail.com

Source from internet